# ဤစာအုပ်

စာရေးသူ ဆရာမနိုင်းနိုင်းစနေရဲ့ကျွန်မဖတ်ဖို့စာအုပ်တွေက စာဖတ်သူတို့ အလွယ်တကူ နားလည်သဘောပေါက်ပြီး လေ့လာမှတ်သားစရာကောင်းအောင် ရေးသားတင်ပြထားတဲ့အတွက် ဖတ်ပြီးရင်လည်း ဗဟုသုတရစေမယ့် အကြောင်း အရာများစွာ ပါရှိပါတယ်။ အဲဒီစာအုပ်တွေမှာ အဆိုအမိန့်တွေ၊ ပုံပြင်တွေ၊ ချစ်ခြင်း မေတ္တာတွေနဲ့ စိတ်ဓာတ်ခွန်အားတွေရဲ့အကြောင်းကို စုစည်းပြီး ဘာသာပြန်တင်ပြထားပါတယ်။

ယခုလည်း ဆက်လက်ပြီး ပရိသတ်တွေရဲ့ နှစ်ခြိုက်အားပေးမှုကြောင့် "ကျွန်မဖတ်ဖို့ (၇)" ကို ထုတ်ဝေလိုက်ပါပြီ။ ယခုစာအုပ်မှာတော့ အိမ်ထောင်ရေးမှာ တစ်ဦးနဲ့ တစ်ဦး နားလည်မှုရှိဖို့၊ ငွေကြေးရှာဖွေစုဆောင်းစဉ်မှာလည်း ပျော်ရွှင်မှု၊ လေးစားမှု၊ ယဉ်ကျေးမှုတို့က အဓိကဖြစ်ဖို့၊ သစ္စာရှိပြီး ခိုင်မြဲတဲ့ သူငယ်ချင်းရဲ့သံယောဇဉ်ကို လက်မလွှတ်ဖို့၊ စိတ်နေသဘောထားအကြောင်း စသည့်အကြောင်းအရာမျိုးစုံကို ရေးသားတင်ပြထားပါတယ်။

"စာအုပ်ဆိုတာ တစ်ကမ္ဘာလုံးရဲ့အာဟာရပဲဖြစ်ပါ။ ဘဝမှာ စာအုပ်မရှိရင် ဘဝမှာ နေရောင်မဲ့တာနဲ့ အတူတူပါပဲ။ အသိဉာဏ်ပညာထဲမှာ စာအုပ်မရှိရင် အတောင်မဲ့တဲ့ငှက်လိုပါပဲ" လို့ ရှိတ်စပီးယားက ပြောတယ်။

စာရေးသူက ယခု "ကျွန်မဖတ်ဖို့ (၇) စာအုပ်မှာလည်း ပေါင်းသင်းဆက်ဆံနေထိုင်နည်း၊ စိတ်ထားမြင့်မြတ်ဖို့၊ တစ်ဦးနှင့်တစ်ဦး သည်းခံ ခွင့်လွှတ်တတ်ဖို့ စသည်တို့ကို ဖော်ပြထားတာကြောင့် စာဖတ်သူတို့အနေနဲ့ အသိဉာဏ်တိုးပွားပြီး ဗဟုသုတရစေမယ့် စာအုပ်ဖြစ်ပါတယ်။

ကျွန်မဖတ်ဖို့စာအုပ်တွေ နံပါတ် (၇) အထိ ရောက်လာနိုင်တာဟာ စာဖတ်သူတွေရဲ့အားပေးမှုကြောင့်ပဲဖြစ်ပါတယ်။ ကြိုက်နှစ်သက်ကြတဲ့အတွက် ဝမ်းမြောက်သလို ကျေးဇူးလည်း တင်ရပါတယ်။

ကျွန်မဖတ်ဖို့တွေမှာ ကြီးကျယ်ခမ်းနားမှုတွေ၊ ဂန္ထဝင်စံတင်လောက်တာတွေ မပါပါဘူး။

ဖတ်ပြီး ရင်ထဲတိုးဝင်နိုင်တဲ့ ခံစားချက်တွေ၊ နေ့စဉ်ဘဝထဲတွေ့မှုတွေလောက်ပဲ ပါပါတယ်။

ဒါကြောင့် ပေါ့ပေါ့ပါးပါးဖတ်ပါ... နက်နက်ရှိုင်းရှိုင်းခံစားပါ...
ပြီးရင် မေ့ပစ်မယ်ဆိုလည်း မေ့လိုက်နိုင်ပါတယ်။
ပြီးမှ နောက်တစ်ကြိမ် သတိရတဲ့အခါ ပြန်ကောက်ဖတ်ကြည့်ပေါ့လို့...

ချစ်ခင်လေးစားလျက်
နိုင်းနိုင်းစနေ